မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာခြေရာခံစီမံကိန်း

Canadian Foresight Group ၏ဖြေကြားချက်များ

လုပ်ငန်းနယ်ပယ် - ရေနံနှင့် သဘာဝဓါတ်ငွေ့

ဌာနချုပ်တည်ရာ - ကနေဒါ

လူကြီးမင်းတို့အဖွဲ့အစည်း၏ မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာခြေရာခံစီမံကိန်းတွင် ကျွန်ုပ်တို့ ပူးပေါင်းပါဝင်လိုသောဆန္ဒရှိပါသည်။သို့ရာတွင် ပြန်လည်ဖြေကြားပေးရန် (လူကြီးမင်းတို့သတ်မှတ်ထားသော) နေ့ဖြစ်သည့် ဒီဇင်ဘာလ ၁၂ရက် မတိုင်မီ (ကျွန်ုပ်တို့လုပ်ငန်းများ၏ လူမှုပန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ တာဝန်ယူမှုများကို တိကျစွာ ထင်ဟပ်စေမည့် အချက်များကို) ဖြေကြားပေးရန် မဖြစ်နိုင်ပါ။

ကျွန်ုပ်တို့သည် ကမ်းလွန်လုပ်ကွက် M 15 အတွက် ထုတ်လုပ်မှုဆိုင်ရာ အစုစပ်စာချုပ်ကို လက်မှတ် ရေးထိုးရန် မျှော်မှန်းထားပါသည်။ ထို့ပြင် ဇန်နဝါရီလလယ်ခန့်တွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ကိုလည်း လက်မှတ်ရေးထိုးပါမည်။ ၎င်းနှင့် တစ်ပြိုင်နက်မှာပင် ကျွန်ုပ်တို့သည် သဘာဝပတ်ဝန်းကျင်ကို သက်ရောက်မှု လေ့လာချက်များနှင့် လူမှုရေးသက်ရောက်မှု လေ့လာချက်များရရှိရန် နိုင်ငံတကာ အကြံပေးအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့သို့အနောင်အဖွဲ့ကင်း၍ လွပ်လပ်သော ရှာဖွေတွေ့ရှိချက်များနှင့် အကြံပြုချက်များကို ကျွန်ုပ်တို့၏ မူဝါဒနှင့် စီမံချက်များတွင် ထည့်သွင်းပြီးသည့်အခါ ၎င်းတို့ကိုဆွေးနွေးပြီး ကြားနေအစုအဖွဲ့များ၏ တုံ့ပြန်ချက်များနှင့် ပေါင်းစပ်ဆောင်ရွက်ပါမည်။ ထိုသဘာဝ ပတ်ဝန်းကျင်ကို သက်ရောက်မှု လေ့လာချက်များ နှင့် လူမှုရေးသက်ရောက်မှု လေ့လာချက်များ ပြီးမြောက် နိုင်ရန် လက်တွေ့အားဖြင့် ၆လ ခန့်ကြာမြင့်နိုင်ပါသည်။